သို့
ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများသို့

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

**အကြောင်းအရာ။ ။ မြန်မာစစ်အုပ်စု၏ အကြမ်းဖက်မှုစစ်ဆင်ရေးကို အဆုံးသတ်ရန်နှင့် မြန်မာနိုင်ငံရှိ အရပ်သားပြည်သူများကို အကာအကွယ်ပေးရန်အတွက် လျင်မြန်သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် အရေးတကြီး တောင်းဆိုခြင်း။**

လေးစားရပါသော ဂုဏ်သရေရှိလူကြီးမင်းများရှင့်/ခင်ဗျား

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာစစ်အုပ်စု၏ အာဏာသိမ်းရေးကြိုးပမ်းမှု သုံးနှစ်ပြည့်ချိန်တွင် မိမိတို့အရပ်ဘက်လူထုအဖွဲ့အစည်း ၄၆၂ ဖွဲ့တို့အနေဖြင့် မြန်မာပြည်သူများအပေါ် ကျူးလွန်နေသည့် စစ်အုပ်စု၏ အကြမ်းဖက်မှုစစ်ဆင်ရေးများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ (United Nations Security Council - UNSC) မှ တုံ့ပြန်ရာတွင် ထိရောက်မှုမရှိနေခြင်းနှင့် အရေးယူဆောင်ရွက်မှု ကင်းမဲ့နေခြင်းအပေါ် အလွန်အမင်း စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ UNSC အနေဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာနှင့်အညီ ဆောင်ရွက်ပြီး မြန်မာစစ်အုပ်စုအပေါ် ခိုင်မာသော အရေးယူဆောင်ရွက်မှုများ ချမှတ်ရန် မိမိတို့မှ အရေးတကြီး တိုက်တွန်းတောင်းဆိုလိုက်သည်။ အဆိုပါ ဆောင်ရွက်ချက်များသည် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုကြီးများ၏ ဆိုးရွားပြင်းထန်မှု အတိုင်းအတာအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးမှ UNSC အား မြန်မာနိုင်ငံ၏ အကျပ်အတည်းကို အရေးယူဆောင်ရွက်ရေး အစီအမံချက်များထဲမှ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (International Criminal Court - ICC) သို့ လွှဲပြောင်းပေးရန် တောင်းဆိုချက်ကို ထင်ဟပ်ရမည် ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် တစ်နှစ်ပြည့်သွားခဲ့ပြီးဖြစ်သော UNSC က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် အမှတ် ၂၆၆၉ သည် မြန်မာစစ်တပ်၏ ဆယ်စုနှစ်များစွာချီကြာ ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ပြီး နောက်ပိုင်းတွင် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းမှာ အချိန်အလွန်နှောင်းပြီးမှ ဖြစ်ပေါ်လာခြင်းဖြစ်ရုံသာမက ယင်းဆုံးဖြတ်ချက်ကို ချမှတ်ပြီးချိန်ကတည်းက ပိုမိုအရှိန်မြင့်လာနေသော စစ်အုပ်စု၏ လူမျိုးသုဉ်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ၊ နှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများကို ကာကွယ်တားဆီးရေးအတွက် ခိုင်မာသော တိုးတက်ဖြစ်ထွန်းမှု တစ်စုံတရာမျှ မရှိသည်ကို တွေ့ရှိရသည်။

၎င်း ဆုံးဖြတ်ချက်ကို ချမှတ်ပြီးချိန်မှစ၍ စစ်အုပ်စုသည် လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး ၉၀၉ ကြိမ် လုပ်ဆောင်ခဲ့ပြီး[1] ကလေးသူငယ်များအပါအဝင် အရပ်သားပြည်သူ ၃၆၄ ဦးကျော်ကို သေဆုံးစေခဲ့ပြီး နေအိမ်ပေါင်း အနည်းဆုံး ၈၀,၀၀၀ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ပြီးခဲ့သောနှစ်အတွင်း စစ်အုပ်စုသည် ကျေးရွာများ၊ မြို့များ၊ စစ်ဘေးရှောင်စခန်းများ၊ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ ခိုလှုံနေသည့် သာသနိကနယ်မြေနှင့် အဆောက်အဦးများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများအပေါ် ပေါ်ပေါ်ထင်ထင် တိုက်ခိုက်ခြင်းဖြင့် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှုများကို ပိုမိုပစ်မှတ်ထား လုပ်ဆောင်လာသည်မှာ ငြင်းနိုင်ဖွယ်ရာ မရှိပေ။ အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစ၍ စစ်အုပ်စုသည် အနည်းဆုံး လူပေါင်း ၄,၄၅၀ ကို သတ်ဖြတ်ခဲ့ပြီး လူပေါင်း ၂၅,၉၀၀ ကျော်ကို ဖမ်းဆီးခဲ့ကာ ၎င်းတို့အနက် သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လူပေါင်း ၁၉,၉၀၀ ကျော်ကို အကျဉ်းချထားဆဲ ဖြစ်သည်။ လူမဆန်သောအခြေအနေများ၊ လူ့ဂုဏ်သိက္ခာထိပါးသည့် ဆက်ဆံမှု၊ ညှဉ်းပန်း နှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ခံယူမှုအခြေပြု အကြမ်းဖက်မှု၊ နှင့် တရားလက်လွတ်သတ် ဖြတ်မှုများမှာ စစ်အုပ်စုထိန်းချုပ်ထားသော ထောင်နှင့် အချုပ်အနှောင်စခန်းများတွင် နေရာမလပ် ဖြစ်ပွားနေဆဲ ဖြစ်သည်။

ထို့အပြင် UNSC က မြန်မာနိုင်ငံအတွင်းရှိ အခြေအနေများသည် ရိုဟင်ဂျာများအတွက် ဘေးကင်း လုံခြုံစွာဖြင့် မိမိဆန္ဒအလျောက် ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေးအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်နေသည်ဟု ထုတ်ဖော်ပြောကြားနေသည့်တိုင် စစ်အုပ်စုသည် ရိုဟင်ဂျာများ နေရပ်ပြန်ရေး စမ်းသပ်စီမံကိန်းကို ဆက်လက် လုပ်ဆောင်နေဆဲ ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ၏ အများသဘောတူညီမှုဖြင့် ချမှတ်ခဲ့သည့် UNSC ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ သည် မြန်မာစစ်အုပ်စုအား ယင်းကဲ့သို့သော နေရပ်ပြန်ရေးစီမံချက်မျိုးကို ဖော်ဆောင်နိုင်သည့် အစိုးရတစ်ရပ် သို့မဟုတ် နယ်မြေထိန်းချုပ်နိုင်သည့် (de facto) အာဏာပိုင်တစ်ရပ်အဖြစ် အသိအမှတ်ပြုထားခြင်း မရှိပေ။ ၂၀၁၄ ခုနှစ်မှစ၍ ပင်လယ်ပြင်ကို ဖြတ်ကျော်ထွက်ခွာကြသည့် ရိုဟင်ဂျာများ အတွက် ၂၀၂၃ ခုနှစ်သည် အသေအပျောက်အများဆုံးနှစ် အဖြစ်မှတ်တမ်းတင်ခံရမှုနှင့်အတူ ရိုဟင်ဂျာများကို ကုန်လမ်းကြောင်းမှဖြစ်စေ၊ ပင်လယ်မှဖြစ်စေ အတင်းအဓမ္မ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှု ဖြစ်ပွား စေခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ်များကို ရခိုင်ပြည်နယ် အပါအဝင် နိုင်ငံတစ်ဝန်းတွင် တရားမဝင်

1 ယခု လေကြောင်းတိုက်ခိုက်မှုများအရေအတွက်သည် UNSC ၏ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ မှစ၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ အကြား ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကို စောင့်ကြည့်လေ့လာမှု ပြုထားသည့် Nyan Lynn Thit Analytica ၏ အချက်အလက်များအပေါ် အခြေခံ၍ တွက်ချက်တင်ပြထားခြင်း ဖြစ်သည်။

မြန်မာစစ်အုပ်စုက ဆက်လက်လုပ်ဆောင်နေချိန်တွင် ရိုဟင်ဂျာများအတွက် ရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံမှုရှိသော ဂုဏ်သိက္ခာရှိသည့် နေရပ်ပြန်နိုင်ရေးမှာ မဖြစ်နိုင်သောကိစ္စရပ်ပင် ဖြစ်သည်။

ဂုဏ်သရေရှိလူကြီးမင်းများရှင့်/ခင်ဗျား

UNSC သည် စစ်အုပ်စု၏ မကြုံစဖူး ပြည်သူများအပေါ် ပစ်မှတ်ထားကျူးလွန်နေသည့် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အဓိပ္ပာယ်ပြည့်ဝပြီး ထိရောက်မှုရှိသော အစီအမံများကို ဖော်ဆောင်ရမည့် ၎င်း၏ ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်ရမည့်အစား အာဆီယံနှင့် ၎င်း၏ ကျရှုံးနေသော ဘုံသဘောတူညီချက်ငါးရပ် (Five-Point Consensus - 5PC) အပေါ် မှားယွင်းစွာ မှီခိုနေခဲ့သည်။ ယင်းချဉ်းကပ်မှုသည် မြန်မာပြည်သူများအပေါ် ထိခိုက်နစ်နာမှုသာ ဖြစ်ပေါ်စေပြီး ထိရောက်မှုမရှိနေသည်ကို အရပ်ဘက်လူထုအသိုင်းအဝိုင်းက အကြိမ်ကြိမ် ထောက်ပြပြောဆိုနေခဲ့ပြီး ဖြစ်သည်။ အာဆီယံ၏ ထိရောက်မှုမရှိသော ဘုံသဘောတူညီချက်ငါးရပ်သည် စစ်အုပ်စုအတွက် အချိန်ဆွဲပေးနေခြင်းသာဖြစ်သည့်အပြင် ၎င်း၏ အကြမ်းဖက်မှုစစ်ဆင်ရေးအား ဆက်လက်လုပ်ဆောင်ခွင့်ကို ဖန်တီးပေးနေသည်သာမက ကမ္ဘာ့အသိုင်းအဝိုင်းမှ ခိုင်မာမှုရှိပြီး အဓိပ္ပါယ်ပြည့်ဝသော အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်ခွင့်ရစေရန် ခွင့်ပြုပေးနေသည်။ မြန်မာနိုင်ငံ၏ အကျပ်အတည်းသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအပေါ် ဆက်လက်ခြိမ်းခြောက်နေသော်လည်း အာဆီယံသည် ၎င်းတွင် စစ်အုပ်စုကြောင့် မြန်မာနိုင်ငံအတွင်းရှိ မှန်းဆ၍ပင် မရနိုင်သည့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများကို ကိုင်တွယ်ဖြေရှင်းလိုသည့် နိုင်ငံရေးစိတ်ဆန္ဒနှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် မရှိသည်ကို အကြိမ်ကြိမ်ဖော်ပြနေခဲ့သည်။ ယင်းဘုံသဘောတူညီချက်ငါးရပ်ကို ချမှတ်ခဲ့ပြီး နှစ်နှစ်ခွဲကျော်ကြာသည့်အထိ အဆိုပါချဉ်းကပ်မှုမှ အဓိပ္ပါယ်ပြည့်ဝသည့် မည်သည့်ရလဒ်မှ ထွက်ပေါ်လာခြင်းမရှိဘဲ ကျရှုံးခဲ့ကာ၊ ယင်း၏ နောက်ဆက်တွဲ သက်ရောက်မှုများကိုမူ မြန်မာပြည်သူများက ပေးဆပ်နေကြရသည်။ စစ်အုပ်စုက စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေသည့် အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အဆုံးသတ်ရေးအတွက် UNSC နှင့် ပိုမိုကျယ်ပြန့်သည့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အနေဖြင့် အာဆီယံအပေါ် ထပ်မံလွှဲချခြင်းမပြုဘဲ ဦးဆောင်မှုတာဝန်ကိုယူပြီး ပြတ်ပြတ်သားသား ဆောင်ရွက်ချိန်တန်သည်မှာ အလွန်ပင် ကျော်လွန်ကြာမြင့်နေခဲ့ပြီ ဖြစ်သည်။

ယနေ့ နိုင်ငံတစ်ဝှမ်းတွင် အလွန်အမင်းဆိုးရွားလှသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များသည် သိသိသာသာ ကြီးထွားလာနေပြီး လူပေါင်း ၂.၆ သန်းကျော် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင် နေကြရပြီး အဆိုပါအရေအတွက်မှာ အရပ်သားပြည်သူနှင့် စစ်ဘေးရှောင်ပြည်သူများထံ လက်လှမ်းမီ ရောက်ရှိနိုင်ရေးအပေါ် ကန့်သတ်မှုများ ရှိနေချိန်တွင် လျှော့ပေါ့တွက်ချက်ထားသော ကိန်းဂဏန်း

တစ်ခု ဖြစ်နိုင်သည်။ အရပ်ဘက်လူထုအသိုင်းအဝိုင်းများသည် အာဆီယံ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ဆိုသည့် ခေါင်းစဉ်အောက်တွင် စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းမှုများကို ရပ်တန့်ရန် မိမိတို့မှ အကြိမ်ကြိမ် တောင်းဆိုခဲ့ပြီဖြစ်သည်။ စစ်အုပ်စုနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် စစ်အုပ်စု၏ တိုက်ခိုက်မှု ခံနေရသော ပြည်သူလူထုများထံ အကူအညီများ မရောက်ရှိရေးအတွက် စစ်အုပ်စုမှ ဆက်လက်ပိတ်ဆို့ တားဆီးခွင့် ရရှိစေပြီး လက်ရှိအကျပ်အတည်းကို ပိုမိုဆိုးရွားလာစေမည် ဖြစ်သည်။ ယင်းလုပ်ရပ်သည် စစ်အုပ်စု၏ နာမည်ဆိုးဖြင့်ကျော်ကြားသော အကူအညီများကို လက်နက်သဖွယ်အသုံးချမှုအား ပိုမိုအရှိန်မြှင့် ပေးသည့်တချိန်တည်းတွင် စစ်အုပ်စုနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် ရှေ့တန်းမျက်နှာစာရှိ ဒေသခံ လူသားချင်း စာနာထောက်ထားမှုအရေး လုပ်ဆောင်နေသူများအပြင် မြေပြင်တွင် အသက်ကယ်ဆယ်ရေးအကူအညီများကို ပံ့ပိုးပေးနေသည့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား အဖွဲ့အစည်းများ၏ ထိရောက်သော အကျိုးရှိသည့် လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်စေသည်။

ဂုဏ်သရေရှိလူကြီးမင်းများရှင့်/ခင်ဗျား - စစ်အုပ်စုပါဝင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရေး ကုလသမဂ္ဂ နှင့် အာဆီယံတို့၏ ဆက်လက်တွန်းအားပေးနေခြင်းက မြန်မာစစ်တပ်သည် ယခုလက်ရှိ အကျပ်အတည်း၏ အဓိကအရင်းအမြစ်ဖြစ်ကြောင်းကို အသိအမှတ်ပြုရန် ပျက်ကွက်နေခြင်းဖြစ်သည့်အပြင် စစ်အုပ်စု၏ ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ပြစ်ဒဏ်ပေးအရေးယူခံရခြင်း ကင်းလွတ်စွာဖြင့် ဆက်လက်ကျူးလွန်စေရန် အားပေးနေသကဲ့သို့ ပြည်သူများအပေါ် စစ်အုပ်စု၏ ဖိနှိပ်မှုများကိုလည်း ပို၍သက်ဆိုးရှည်စေမည် ဖြစ်သည်။ ထို့အပြင် ပြည်သူများအပေါ် ကျူးလွန်နေသော စစ်အုပ်စု၏ အကြမ်းဖက်ရေးလှုပ်ရှားမှုကို ခွင့်ပြုပေးနေချိန်တွင် စစ်အုပ်စုနှင့် ဆွေးနွေးရန် နှိုးဆော်နေခြင်းသည် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီကို အောက်ခြေမှ တည်ဆောက်ရန် လုပ်ဆောင်နေကြသည့် မြန်မာပြည်သူများ၏ ယခင်က တစ်ခါမျှမရှိခဲ့ဖူးသည့် အနစ်နာခံမှုများ နှင့် ကြိုးပမ်းအားထုတ်မှုများကို မျက်ကွယ်ပြုရာ ရောက်မည် ဖြစ်သည်။

ယနေ့ကဲ့သို့ မြန်မာစစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းမှု သုံးနှစ်ပြည့်ချိန်တွင် တိုင်းရင်းသား ပြည်သူများအပေါ် ဆယ်စုနှစ်ပေါင်းများစွာ ကျူးလွန်နေခဲ့သည်သာမက ယနေ့အချိန်တွင် မြန်မာပြည်သူ တစ်ရပ်လုံးအပေါ် ပို၍ ပြင်းထန်စွာဖြင့် အရှိန်မြှင့်ကျူးလွန်နေသည့် စစ်အုပ်စု၏ လူမျိုးသုဉ်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သောရာဇဝတ်မှုများကို ရပ်တန့်နိုင်ရေးအတွက် နိုင်ငံတကာ

အသိုင်းအဝိုင်းထံမှ ခိုင်မာပြီးအဓိပ္ပါယ်ပြည့်ဝသော အရေးယူဆောင်ရွက်မှု ကင်းမဲ့နေကြောင်းကို ထပ်မံအမှတ်ရစေသည်။

ထို့ကြောင့် UNSC အနေဖြင့် ဆက်လက်တုံ့ဆိုင်းမနေဘဲ ကုလသမဂ္ဂပဋိညာဉ် အခန်း ၇ အရ ဆုံးဖြတ်ချက်အသစ်တစ်ရပ်ကို အရေးပေါ်ချမှတ်ခြင်းအားဖြင့် မြန်မာပြည်သူများကို အကာအကွယ်ပေးရေး အတွက် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးပြီး အခြေခံကျသော တာဝန်ကိုထမ်းဆောင်ရန် မိမိတို့မှ တောင်းဆိုလိုက်သည်။ ယင်းကဲ့သို့သော ဆုံးဖြတ်ချက်ချမှတ်ရာတွင် မြန်မာနိုင်ငံ၏အကျပ်အတည်းကို ICC သို့ လွှဲပြောင်းရန် သို့မဟုတ် ယာယီအထူးခုံရုံးတစ်ခု တည်ထောင်ရန်၊ လက်နက်၊ ခဲယမ်း၊ စစ်ဘက်-အရပ်ဘက်သုံး နည်းပညာနှင့် လေယာဉ်လောင်စာဆီများကို စစ်အုပ်စုမှ လက်လှမ်းမီမှု မရှိစေရန် တစ်ကမ္ဘာလုံးလွှမ်းခြုံမှုရှိသော လက်နက်တင်ပို့ရောင်းချမှု တားမြစ်ရေး၊ နှင့် စစ်အုပ်စု၊ ၎င်းနှင့် ဆက်နွယ်သောအစုအဖွဲ့နှင့် ၎င်းကျူးလွန်နေသော ရာဇဝတ်မှုများအတွက် ဘဏ္ဍာငွေရှာဖွေပေးနေသည့် ငွေကြေးရင်းမြစ်များအပေါ် ပစ်မှတ်ထား စီးပွားရေးပိတ်ဆို့ အရေးယူမှုများကို ထည့်သွင်းလုပ်ဆောင်ရမည် ဖြစ်သည်။

ယင်းကဲ့သို့ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် နှောင့်နှေးကြန့်ကြာစေသည့် မည်သည့် အကြောင်းပြချက်မျှ မရှိသင့်တော့ပေ။ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅၊ ဆုံးဖြတ်ချက် အမှတ် ၂၁၄၇ နှင့် အခြားသော ဆုံးဖြတ်ချက်များ အပါအဝင် ကမ္ဘာတစ်ဝန်းရှိ အရပ်သားပြည်သူများအား အကာအကွယ်ပေးရေးကို အလေးထားသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည့် သမိုင်းမှတ်တမ်းအရ UNSC သည် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို ခိုင်မာသောခြေလှမ်းများ ချမှတ်လုပ်ဆောင်နိုင်သည်မှာ အသေအချာပင် ဖြစ်သည်။ ယင်းလုပ်ပိုင်ခွင့်အာဏာသည် မြန်မာပြည်သူများနှင့် ၎င်းတို့၏ စုံလင်ပါဝင်မှုရှိပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရယူဖော်ဆောင်လိုမှုအပေါ် တူညီသောအဖြေနှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို ချမှတ်ရမည် ဖြစ်သည်။

ထို့အပြင် UNSC ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို အများသဘောတူညီမှုဖြင့် အတည်ပြုလက်ခံခဲ့သော UNSC ၏ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံဖြစ်သော တရုတ်နှင့် ရုရှားတို့အနေဖြင့် မြန်မာစစ်အုပ်စု၏ ပြည်သူအပေါ် အကြမ်းဖက်စစ်ဆင်ရေးအတွက် နိုင်ငံရေး၊ နည်းပညာနှင့် ပစ္စည်းအထောက်အပံ့ ပံ့ပိုးပေးနေခြင်းကို ရပ်တန့်ပြီး ယင်းအစား ပြည်သူများ၏ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ရေး ကြိုးပမ်းအားထုတ်မှုကို အားပေးထောက်ခံရန် မိမိတို့မှ တိုက်တွန်းတောင်းဆိုသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ကို မြန်မာပြည်သူများ၏ ဆန္ဒဖြင့်သာ ဆုံးဖြတ်ရမည်ဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ လွဲမှားသော လုပ်ဆောင်မှုများဖြင့် ဆုံးဖြတ်၍ မရပါ။ မြန်မာပြည်သူများသည် စစ်အုပ်စု၏ ဆယ်စုနှစ်များစွာချီ ကြာမြင့်သည့်အကြမ်းဖက်မှုများကို အဆုံးသတ်ရန်နှင့် စုံလင်ကွဲပြားသော နောက်ခံရှိကြသည့် မြန်မာပြည်သူများအနေဖြင့် အားလုံးပါဝင်မှုရှိသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်အောက်တွင် တန်းတူအခွင့်အရေးရှိပြီး ဂုဏ်သိက္ခာရှိရှိ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်မည့် ထာဝရငြိမ်းချမ်းရေး တစ်ရပ်ကို မြန်မာနိုင်ငံအတွင်း ဖော်ဆောင်နိုင်ရေးအတွက် ၎င်းတို့၏ စိတ်ဆန္ဒနှင့် ခိုင်မာသော ဆုံးဖြတ်ချက်များကို သတ္တိပြောင်မြောက်စွာဖြင့် ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြသခဲ့ကြပြီး ဖြစ်သည်။ ယခုအချိန်သည် နိုင်ငံတကာအသိုင်းအဝိုင်း အထူးသဖြင့် UNSC မှ မြန်ဆန်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် လုပ်ကိုင်ဆောင်ရွက်မှုမှတစ်ဆင့် မြန်မာပြည်သူများနှင့် တစ်သားတည်းရှိရမည့်အချိန် ဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ် အခန်း ၇ အရ မြန်မာနိုင်ငံအပေါ် UNSC ဆုံးဖြတ်ချက်သစ်တစ်ရပ် ချမှတ်လုပ်ဆောင်ရန် မိမိတို့မှ လေးနက်စွာ ထပ်မံတောင်းဆိုလိုက်သည်။

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

- ဒေါ်ခင်ဥမ္မာ၊ ဥက္ကဋ္ဌ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- အဲလီနာ ၊ လူမျိုးပေါင်းစုံ အထွေထွေသပိတ် ကော်မတီ၊ gscn2021@gmail.com
- မြေလတ်ထွန်း၊ CDM Medical Network၊ contact@cdmn.org
- မဝေဝေနု၊ Women’s Peace Network၊ info@womenpeacenetwork.org

**ဤအိတ်ဖွင့်ပေးစာကို မြန်မာစစ်အုပ်စု၏ အကြမ်းဖက်မှုများကြောင့် အမည်မဖော်လိုသော အဖွဲ့ ၈၄ ဖွဲ့ အပါအဝင် အရပ်ဘက်လူထုအဖွဲ့အစည်း စုစုပေါင်း ၄၆၂ ဖွဲ့တို့မှ ထောက်ခံလက်မှတ်ရေးထိုးထားသည်။**

1. 5/ of Zaya State Strike
2. Action Against Myanmar Military Coup (Sydney)
3. Action Committee for Democracy Development (Coalition of 14 grassroots networks)
4. Action Committee of Basic Education Students (ACBES)
5. Active Youths Kalaymyo
6. Ah Nah Podcast – Conversations with Myanmar
7. All Aung Myay Thar San Schools Strike Force
8. All Burma Student Democratic Front – Australia Branch
9. All Young Burmese League (AYBL)
10. Alliance of Students' Union – Yangon (ASU-Yangon)
11. ALTSEAN-Burma

12. Anti-coup Forces Coordination Committee (ACFCC – Mandalay)
13. Anti-Junta Alliance Yangon-AJAY
14. Anti-Myanmar Dictatorship Movement
15. Anti-Myanmar Military Dictatorship Network (AMMDN)
16. Arakan Rohingya National Union (ARNU)
17. Arakan Rohingya Society for Peace and Human Rights (ARSPH)
18. ASEAN Parliamentarians for Human Rights (APHR)
19. Asian Forum for Human Rights and Development (FORUM-ASIA)
20. Asian Health Institute (AHI)
21. Asia-Pacific Solidarity Coalition (APSOC)
22. Assistance Association for Political Prisoners (AAPP)
23. Association of Human Rights Defenders and Promoters
24. Association of United Nationality in Japan (AUN)
25. Association Suisse Birmanie (ASB)
26. Associazione per l'Amicizia Italia Birmania “Giuseppe Malpeli”
27. Athan – Freedom of Expression Activist Organization
28. Aung San Suu Kyi Park, Norway
29. Australia Burma Friendship Association, Northern Territory
30. Australia Karen Organization WA Inc.
31. Australia Myanmar Doctors, Nurses and Friends
32. Australia Myanmar Youth Alliance (AMYA)
33. Australian Burmese Muslim Organisation
34. Australian Chin Community (Eastern Melbourne Inc)
35. Australian Coalition for Democracy in Burma
36. Australian Karen Organisation (AKO)
37. A-Yar-Taw People Strike
38. Ayeyarwaddy West Development Organisation - AWDO (Magway)
39. Ayeyarwaddy West Development Organisation - AWDO (Nagphe)
40. Arakan Youths Peace Network (AYPN)
41. Bamar Community Tasmania
42. Basic Education Students & Youths Association (BESYA)
43. Bee House
44. Beyond Borders (Malaysia)
45. Blood Money Campaign (BMC)
46. Boston Free Burma
47. Burma Campaign UK
48. Burma Civil War Museum (BCM)
49. Burma Human Rights Network (BHRN)
50. Burma Lawyers’ Council (BLC)
51. Burma Refugee Saving Association (B.R.S.A)
52. Burma Support
53. Burmese Community – South Australia

54. Burmese Community Development Collaboration (BCDC)
55. Burmese Community Support Group (BCSG)
56. Burmese Friendship Association
57. Burmese Medical Association Australia (BMAA)
58. Burmese Relief Center Japan
59. Burmese Rohingya Organisation UK
60. Burmese Women's Union (BWU)
61. Campaign for a New Myanmar
62. Canberra Karen Association
63. CAN-Myanmar
64. CDM Medical Network (CDMMN)
65. Center for Action Point (Kyaukpadaung)
66. Chaung Oo Township Youth Strike Committee
67. Chin Community – South Australia
68. Chin Community in Norway
69. Chin Community of Japan (CCJ)
70. Chin Community of Western Australia Inc.
71. Chin Community Tasmania
72. Chin Human Rights Organization
73. Chin Youth Organization
74. Chin Youth Organization of Japan (CYO-JP)
75. CIVICUS: World Alliance for Citizen Participation
76. Civil Information Network (CIN)
77. Civil Rights Defenders
78. Coalition Strike Committee – Dawei
79. Colorful Spring (ရောင်စုံနွေဦး)
80. CRPH & NUG Support Team Germany – Deutschland
81. CRPH & NUG Supporters Ireland
82. CRPH Funding Ireland
83. CRPH Support Group, Norway
84. CRPH/NUG Support Group Australia
85. Dawei Youths in Japan (DYJ)
86. Dawei Youths Revolutionary Movement Strike Committee
87. Defend Myanmar Democracy (DMD)
88. Democracy for Burma
89. Democratic Youth Council
90. Depayin Township Revolution Steering Committee
91. Dhobama (2021 Generation)
92. Doh Atu – Ensemble pour le Myanmar
93. Dragon Dawn
94. Education and Wisdom Development for Rohingya Women

95. Education Garden of Rohingya (EGR)
96. Educational Initiatives Prague
97. Equality Myanmar (EQMM)
98. Ethnic Youth General Strike Committee (Mandalay)
99. Falam Community – South Australia
100. Federation of Workers' Union of the Burmese Citizens in Japan (FWUBC)
101. Fortify Rights
102. Free Burma Campaign (South Africa)
103. Free Rohingya Coalition
104. Freedom and Labor Action Group (FLAG)
105. Friends of the Earth Japan (FoE Japan)
106. Future Light Center
107. Future Thanlwin
108. Gender Equality Network (GEN)
109. General Strike Collaboration Committee (GSCC)
110. General Strike Committee of Basic and Higher Education (GSCBHE)
    - Basic Education General Strike Committee (BEGSC)
    - Basic Education Worker Unions - Steering Committee (BEWU-SC)
    - Representative Committee of University Teacher Associations (RC of UTAs)
111. General Strike Committee of Nationalities (GSCN)
112. Generation Wave
113. GenY For Revolution Japan
114. Global Myanmar Spring Revolution – Japan
115. Global Myanmar Spring Revolution (GMSR)
116. Grass-root People
117. History Carriers (HC)
118. Honesty Federal School
119. Hope For Youth – Kyushu Japan
120. Human Rights Educators Network
121. Human Rights Foundation of Monland (HURFOM)
122. Human Rights Now
123. India 4 Myanmar
124. Industrial Training Centre (ITC) Family Sydney
125. Info Birmanie
126. Initiatives for International Dialogue (IID)
127. Institute for Asian Democracy
128. Institute of Chin Affairs
129. Integria, z.u. (Prague)
130. Inter Pares
131. International Association, Myanmar-Switzerland (IAMS)
132. International Campaign for the Rohingya
133. International Karen Organisation

134. International Society of Myanmar Scholars and Professionals (Japan)
135. Italia-Birmania.Insieme
136. Japan Campaign to Ban Landmines (JCBL)
137. Japan Myanmar Future Creative Association (JMFCA)
138. Japan Myanmar Help Network (JMHN)
139. Joint Action Committee for Democracy in Burma (JACDB)
140. Justice 4 Myanmar – Hope & Development
141. Justice For All
142. Justice for Myanmar
143. Kachin Affairs Organization – Japan (KAO (Japan)
144. Kachin Association Norway
145. Kachin Association of Australia WA Inc.
146. Kachin State Civilian Movement (KSCM)
147. Kachin Student Union
148. Kachin Women Association Thailand (KWAT)
149. Kalay Township Strike Committee
150. Kansai Group Japan
151. Karen Community – South Australia
152. Karen Human Rights Group
153. Karen National League Japan (KNL)
154. Karen Peace Support Network
155. Karen Swedish Community (KSC)
156. Karenni Association – Norway
157. Karenni Civil Society Network (KCSN)
158. Karenni Community of Western Australia Inc.
159. Karenni Federation of Australia
160. Karenni Human Rights Group
161. Karenni Humanitarian Aid Initiative
162. Karenni National Society (KNS) Japan
163. Kayan New Generation Youth
164. Kayan Rescue Committee
165. Kayan Women Organization
166. Kayin Community Tasmania
167. K'cho Ethnic Association
168. Keng Tung Youth
169. KnowUsMoreMyanmar (KUM)
170. Kobe Myanmar Community (KMC)
171. KontraS
172. Kyae Lak Myay
173. Kyain Seikgyi Spring Revolution Leading Committee
174. Kyauktada Strike Committee
175. Latpadaung Region Strike Committee

176. League For Democracy in Burma (L.D.B Japan)
177. LGBT Alliance
    - LGBT Alliance Myanmar (Kalay Region)
    - LGBT Alliance Myanmar (Kyaukse Region)
    - LGBT Community Yangon
    - LGBT Union – Mandalay
    - Monywa LGBT Strike
178. Local Development Network
179. Magway People's Revolution Committee
180. Magway Region Human Rights Network (MHRN)
181. Mandalay Medical Family (MFM)
182. Mandalay Regional Youth Association Revolution Core Group
183. Mandalay Strike Force (MSF)
    - Chanmyatharzi Township People's Strike
    - Co-operative University Mandalay Students' Strike
    - Daung Sitthe Strike
    - Industries Strike
    - Maharaungmyay Township People's Strike
    - Mandalay Alliance Coalition Strike
    - Mandalar University Students' Strike
    - Mandalay Youth Strike
    - Mandalay-based People's Strike
    - Multi-Religions Strike
    - Mya Taung Strike
    - Myanmar Institute of Information Technology Students' Strike
    - No.12 Basic Education Branch High School ( Maharaungmyay) Students' Union
    - Samgha Sammaga-Mandalay
    - Seinpann Strike
184. Mandalay-Based University Students' Unions (MDY_SUs)
185. Matu Burma Foundation
186. Matu Chin Community – South Australia
187. MayMyo Strike Force
188. Mekong Watch
189. Metta Campaign
190. MilkTeaAlliance Calendar Team
191. MilkTeaAlliance Friends of Myanmar
192. Min Hla Farmers Group
193. Minbu Farmers Group
194. Mindat Chin Community NSW
195. Mindat Community – South Australia
196. Minority Affairs Institute (MAI Myanmar)
197. Mizo Community – South Australia

198. Mon Association – Norway
199. Mon Families Group
200. Mon National Council (MNC)
201. Mon State Development Center (MSDC)
202. Mon Youth For Federal Democracy (MYFD)
203. Monywa People's Strike Steering Committee
    - All Burma Federation of Student Unions (Monywa District)
    - Civil Society Organizations Coordination Committee (Monywa)
    - Former Political Prisoners and New Generation Group – Monywa
    - Network of University Student Unions – Monywa
    - The 88 Generation Peace and Open Society (Monywa)
    - Thakhin Kodaw Mhine Peace Network (Monywa)
204. Monywa-Amyint Road Strike Leading Committee
205. Muslim Youth Network
206. Myanmar Accountability Project
207. Myanmar Action Group Denmark
208. Myanmar Baptist Churches in Norway
209. Myanmar Buddhist Community of South Australia
210. Myanmar Campaign Network
211. Myanmar Catholic Community In Norway
212. Myanmar Community Coffs Harbour (MCC)
213. Myanmar Community in Italy
214. Myanmar Community in Norway
215. Myanmar Cultural Research Society (MCRS)
216. Myanmar Democracy and Peace Committee (Australia)
217. Myanmar Democratic Movement (MDM)
218. Myanmar Development Support Group (MDSG)
219. Myanmar Diaspora Group Finland
220. Myanmar Engineering Association of Australia (MEAA)
221. Myanmar Hindu Community – Norway
222. Myanmar Labor Alliance (MLA)
223. Myanmar Muslim Organization – Norway
224. Myanmar Muslim Revolution Force (MMRF)
225. Myanmar Nationalities' Support Organization – JP (MNSO)
226. Myanmar People Alliance (Shan State)
227. Myanmar People Residing in Canberra
228. Myanmar Policy Institute
229. Myanmar Refugee Policy Group
230. Myanmar Spring Revolution Japan (MSRJ)
231. Myanmar Students' Association Australia (MSAA)
232. Myanmar Tozan Club (MTC)
233. Myanmar Youth and Student Association, Japan (MYSA)

234. Myanmar's Youth Association Hokkaido (MYAH)
235. Myaung Youth Network
236. MyaYar Knowledge Tree
237. Myingyan Civilian Movement Committee
238. National Alliance Bangkok
239. Netherlands-Myanmar Solidarity Platform
240. Network for Human Rights Documentation – Burma (ND-Burma)
241. New Myanmar Foundation
242. New Power Generation
243. New Rehmonnya Federated Force (NRFF)
244. NLD Organization Committee (International) Norway
245. NLD Solidarity Association (Australia)
246. No Boundary Support Group
247. No Business With Genocide
248. Norway Falam Community
249. Norway Matu Community
250. Norway Rawang Community
251. NPO Africa Japan Forum
252. NSW Karenni (Kayah) Communities
253. Nway Oo Guru Lay Myar
254. Nyan Lynn Thit Analytica
255. Okinawa Myanmar Association (OMA)
256. Oway Institute
257. Padauk Finland-Myanmar Association
258. Pakokku Youth Development Council
259. Palaung National Society Japan, PNS-Japan
260. Palaw Supporting Group Japan
261. Pale Township People's Strike Steering Committee
262. Parents, Families and Friends of LGBTIQA+ in Myanmar (PFLAG – Myanmar)
263. Patriotic War Veterans of Burma (PWVB)
264. People's Hope Spring Revolution (PHSR)
265. Perth Myanmar Youth Network
266. Power of Rohingya Youth (PRY)
267. Progressive Voice
268. Punnyakari Mon National Society Japan, PMNS-Japan
269. Pwintphyu Development Organisation
270. Pyi Gyi Tagon Strike Force
271. Pyit Taing Htaung Social Club
272. Queensland Kachin Community (QKC)
273. Queensland Myanmar Youth Collective (QMYC)
274. Queensland Rohingya Community
275. Rangoon Scout Network (RSN)

276. Red Campaign Nirvana Exhortation Group
277. Remonya Association of WA (Mon Community)
278. Revolution Tokyo Myanmar (RTM)
279. Rohingya Action Ireland (RAI)
280. Rohingya Christian Youth Union (RCYN)
281. Rohingya Community in Norway
282. Rohingya Education Development Plan (REDP)
283. Rohingya Progressive Network (RPN)
284. Rohingya Southeast Asia Network (RAISA)
285. Rohingya Student Union
286. Rohingya Women Association for Education and Development (RWAED)
287. Rohingya Women Empowerment and Advocacy Network
288. Rohingya Women for Justice and Peace
289. Rohingya Youth for Legal Action
290. Rohingya Youth's Rights (RYR)
291. Save and Care Organization for Ethnic Women at Border Areas (SCOEWBA)
292. SEA Junction
293. Shan Community in Japan (SCJ)
294. Shan MATA
295. ShizuYouth For Myanmar
296. Shwe Pan Kone People's Strike Steering Committee
297. Shwe Youth Democratic Alliance (SYDA)
298. Sisters 2 Sisters
299. Sitt Nyein Pann Foundation
300. Social Garden
301. Sone See Yar (Volunteer Group)
302. Sone Yay Foundation
303. Southcare Medical Centre
304. Southern Dragon Myanmar
305. Southern Monitor
306. Spring Revolution Restaurant (SRR)
307. Spring Sprouts
308. Spring Traveller
309. Support for Myanmar
310. Support Group for Democracy in Myanmar (Netherlands)
311. Swedish Burma Committee
312. Sydney Friends for Myanmar Unity
313. Synergy – Social Harmony Organization
314. Ta'ang Women's Organization
315. Tai Youths Network Japan (TYNJ)
316. Tamar Institute of Development
317. Taze Strike Committee

318. Thailand 4 Burma
319. The European Rohingya Council (ERC)
320. The Institution of Professional Engineers Myanmar (IPEM)
321. The Ladies
322. Try Together At Japan (TTAJ)
323. Twitter Team for Revolution (TTFR)
324. U.S. Campaign for Burma
325. Union of Myanmar Citizen Association – Japan
326. United Myanmar Community of South Australia
327. University Students' Unions Alumni Force
328. Victorian Burmese Care Community (VBCC)
329. Victorian Myanmar Youth (VMY)
330. Voice For Justice
331. Volunteers in Myanmar
332. We Are One Saga MOSA
333. We for All
334. We Pledge CDM (Australia)
335. We Support
336. Western Australia Myanmar Community (WAMC)
337. Western Australia Myanmar Democratic Network (WAMDN)
338. Wetlet Revolution Leading Committee
339. White Coat Society Yangon (WCSY)
340. Women Action Committee – Myanmar
341. Women Activists Myanmar (WAM)
342. Women Advocacy Coalition – Myanmar (WAC-M)
343. Women Alliance Burma (WAB)
    - Chindwin (West) Villages Women Strike
    - Dawei (Ashaetaw) Women Strike
    - Depayin Women Strike
    - Gangaw Women Strike
    - Kalay Women Strike
    - Mandalay Women Strike
    - Monywa Women Strike
    - Monywa-Amyint Road Women Strike
    - Taze Women Strike
    - Thayat Chaung Women Strike
    - Wetlet Twonship Women Strike
    - Yangon Women Strike
344. Women Lead Resource Center (WLRC)
345. Women's Peace Network
346. Yadanabon University Students' Union (YDNBUSU)
347. Yadanar Foundation

348. Yasakyo Township People’s Strike Steering Committee
349. Yaw Funding Japan
350. Yinmarpin and Salingyi All Villages Strike Committee
351. Yokohama Pamphlet Campaign – Myanmar
352. Youth Empowerment (YE)
353. Youth for Democratization of Myanmar (UDM)
354. Youth Heart Beams
355. Youths for Rohingya Development (YRD)
356. Zo Community – South Australia
357. Zomi Association Australia Inc.
358. Zomi Christian Fellowship of Norway
359. Zomi Community – South Australia
360. Zomi Community Norway
361. Zomi Community Queensland
362. ကော့သောင်းခရိုင်နိုင်ငံရေးအင်အားစု
363. ဂျပန်ပြည်မှတွဲလက်များ
364. တွဲလက်ညီ
365. ဒို့မြေကွန်ရက် - LIOH
366. ပွင့်ဖြူလယ်ယာမြေကွန်ရက်
367. မြန်မာမွတ်စလင်အစည်းအရုံး (BMA)
368. မြိတ်ခရိုင်နိုင်ငံရေးအင်အားစု
369. မဟာမြေပြင်ထောက်ပို့တော်လှန်ရေးအားမာန်
370. မေတ္တာညီကိုပရဟိတအသင်း
371. ရပ်ဝန်းသစ် (YWT)
372. ရောင်နီသစ်ဆီတက်လှမ်ချီ
373. လမ်းပြကြယ်ထောက်ပို့
374. လီဆူအမျိုးသမီးများအဖွဲ့ရှမ်းပြည်နယ်
375. လူသားချင်းစာနာထောက်ပံ့ရေး
376. အနာဂတ်သစ်ပန်းတိုင်ဆီသို့
377. အနာဂတ်အလင်းရောင်
378. အမှောင်ကိုခွင်းအလင်းရောင်ရှိ